# မူပိုင်ခွင့်ဦးစီးဌာန

## စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်းဆိုင်ရာ လမ်းညွှန်ချက်များ (ID-1)

စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားသူသည် လျှောက်ထားချက်ကို ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ခန့်အပ်၍ ဖြစ်စေ မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာပုံစံ ID- 1 ကို ပြည့်စုံစွာဖြည့်စွက်ပြီး အောက်ပါ နည်းလမ်းတစ်ခုခုကို အသုံးပြု၍ မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်-

(က) ဦးစီးဌာနက သတ်မှတ်ထားသည့် အီလက်ထရောနစ်စနစ်ဖြင့် လျှောက်ထားခြင်း၊

(ခ) ဦးစီးဌာနသို့ လာရောက်လျှောက်ထားခြင်း။

**စက်မှုဒီဇိုင်း မှတ်ပုံတင်ခြင်းအတွက် လျှောက်လွှာတွင် အောက်ပါ စာရွက်စာတမ်းများ/ အသေးစိတ်အချက်အလက်များ ပါဝင်ရပါမည်-**

**လျှောက်ထားသူ(များ)**

၁။ (က) လျှောက်ထားသူသည် တစ်ဦးထက်ပိုပါက "လျှောက်ထားသူတစ်ဦးထက်ပိုပါက အကွက်ထဲတွင် အမှတ်အသားပြုပြီး အပိုစာရွက် အသုံးပြုပါ" ဆိုသည့် အကွက်တွင် အမှတ်အသား (✓) ပြု၍ တစ်ဦးထက်ပိုသော လျှောက်ထားသူတစ်ဦးချင်းစီ၏ အချက်အလက်များကို A4 စာရွက်ဖြင့် ပူးတွဲတင်ပြရမည်။

(ခ) လျှောက်ထားသူသည် လူပုဂ္ဂိုလ်ဖြစ်လျှင် "လူပုဂ္ဂိုလ်" ၊ တရားဝင်ဖွဲ့အစည်းထားသော အဖွဲ့အစည်းဖြစ်လျှင် "တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း" ဖြစ်ကြောင်း အမှတ်အသား (✓) ပြုလုပ်ရမည်-

(၁) လျှောက်ထားသူသည် လူပုဂ္ဂိုလ်ဖြစ်လျှင်

(ကက) အမည်

ဥပမာ - ဦးမြင့်ဦး

(ခခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ နိုင်ငံကူးလက်မှတ်အမှတ်

ဥပမာ - မြန်မာနိုင်ငံသားဖြစ်လျှင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

၇/ပမန (နိုင်) ၄၅၆၇၈၉

သို့မဟုတ်

- နိုင်ငံခြားသားဖြစ်လျှင် ၎င်း၏ နိုင်ငံကူးလက်မှတ်အမှတ်

X 123456

(ဂဂ) နေရပ်လိပ်စာအပြည့်အစုံ

လျှောက်ထားသူ၏ နေရပ်လိပ်စာအပြည့်အစုံကို ဖော်ပြရမည်-

ဥပမာ - အမှတ် (၉၂) ၊ သဒ္ဒါလမ်း ၊ ပညာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊ မြန်မာနိုင်ငံ။

(ဃဃ) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

ဥပမာ - ၀၉ ၉၂၄၉၂၄၉၂၄ ၊ myintoo12@gmail.com

(ငင) နိုင်ငံသားခံယူထားသည့် နိုင်ငံအမည်၊ အမြဲတမ်းနေထိုင်သည့်နိုင်ငံ အမည်နှင့် ကူးသန်းရောင်းဝယ်ရေး သို့မဟုတ် စီးပွားရေးလုပ်ငန်းတည်ထောင်ထားသည့် နိုင်ငံအမည်တို့ကို ဖော်ပြရမည်-

ဥပမာ- နိုင်ငံသားခံယူထားသည့် နိုင်ငံအမည် - မြန်မာနိုင်ငံ

အမြဲတမ်းနေထိုင်သည့် နိုင်ငံအမည် - မြန်မာနိုင်ငံ

ကူးသန်းရောင်းဝယ်ရေး သို့မဟုတ် စီးပွားရေးလုပ်ငန်း တည်ထောင်ထားသည့်နိုင်ငံအမည် - မြန်မာနိုင်ငံ

**သို့မဟုတ်**

(၂) လျှောက်ထားသူသည် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း ဖြစ်လျှင်

(ကက) အမည်

ဥပမာ- အေအေအေ ကုမ္ပဏီလီမိတက်

(ခခ) အဖွဲ့အစည်း မှတ်ပုံတင်အမှတ်

ဥပမာ- ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၀၀၂၀၀၃၀၀/၂၀၂၃

(ဂဂ) လိပ်စာအပြည့်အစုံ

အဖွဲ့အစည်းတည်ရှိရာ လိပ်စာအပြည့်အစုံ ဖော်ပြရမည်-

ဥပမာ - အမှတ် (၈၂) ၊ နီလာလမ်း ၊ ဉာဏသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊ မြန်မာနိုင်ငံ။

(ဃဃ) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

ဥပမာ- ၀၉ ၄၂၀ ၄၂၀ ၄၂၀

AAA115@gmail.com

(ငင) တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ အမျိုးအစား၊ ဥပဒေအရ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း တည်ထောင်ရာ နိုင်ငံအမည် တို့ကို ဖော်ပြရမည်-

ဥပမာ - တရားဝင်ဖွဲ့စည်းထားသော - Private Company Ltd/
အဖွဲ့အစည်း၏ အမျိုးအစား Cooperation/ Association
အဖွဲ့အစည်းတည်ထောင်ရာ - မလေးရှားနိုင်ငံ
နိုင်ငံအမည်

မှတ်ချက်။ ပြည်တွင်းပြည်ပမှ ကုမ္ပဏီ၊ ကော်ပိုရေးရှင်း နှင့် အခြားတရားဝင် အသင်းအဖွဲ့/ အဖွဲ့အစည်း/ လုပ်ငန်း စသော အမျိုးအစားအမည်များ ဖော်ပြရမည်။

**ကိုယ်စားလှယ် (ရှိလျှင်)**

၂။ ကိုယ်စားလှယ်ခန့်အပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ် ဆောင်ရွက်သူသည် နိုင်ငံတော်အတွင်း နေထိုင်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားသည့် အသက် ၁၈ နှစ်ပြည့်ပြီး ဝန်ကြီးဌာနက သတ်မှတ်ထားသည့် အရည်အချင်း ပြည့်မီသူဖြစ်ရမည်ဖြစ်ပြီး ကိုယ်စားလှယ်ခန့်အပ်ခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် အချက်အလက်များကို ပြည့်စုံစွာ ဖြည့်စွက်ရမည်-

(က) အမည်

ဥပမာ- ဦးစိုးသူ

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

ဥပမာ- ၁၂/ ဒဂန /(နိုင်) ၁၂၃၄၅၆

၃။ ကိုယ်စားလှယ်၏ နေရပ်လိပ်စာ အပြည့်အစုံ၊ (လုပ်ငန်းဆောင်ရွက်သည့် လိပ်စာအပြည့်အစုံ) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ် လိပ်စာ တို့ကို ပြည့်စုံစွာဖြည့်စွက်ရမည်-

(က) နေရပ်လိပ်စာအပြည့်အစုံ (လုပ်ငန်းဆောင်ရွက်သည့် လိပ်စာ ဖော်ပြရန်)

ဥပမာ -အမှတ်(၃၄)၊ ခရေလမ်း၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊ မြန်မာနိုင်ငံ။

(ခ) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

ဥပမာ - ၀၉၉၁၃၄၅၁၇၉၆၀ ၊ soethu@gmail.com

(ဂ) ကိုယ်စားလှယ်ခန့်အပ်ရာတွင် တစ်ဦးထက်ပို၍ ခန့်အပ်နိုင်သော်လည်း လျှောက်ထားချက် သို့မဟုတ် အခြားသော လျှောက်ထားချက်များတွင် ကိုယ်စားလှယ်တစ်ဦး၏ အမည်ကိုသာ ရေးသားဖော်ပြရမည်ဖြစ်ပြီး ထိုသူကိုသာ ကိုယ်စားလှယ်အဖြစ် ဆက်သွယ်ဆောင်ရွက်မည်ဖြစ်သည်။

(ဃ) ကိုယ်စားလှယ်ခန့်အပ်ရာတွင် ကိုယ်စားလှယ်ခန့်အပ်လွှာ လျှောက်လွှာပုံစံ ID-2 Form ကို ပူးတွဲတင်ပြရမည်။ ကိုယ်စားလှယ်ခန့်အပ်သူသည် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သူ မဟုတ်လျှင် သို့မဟုတ် ပြည်ပနိုင်ငံတွင် နေထိုင်သူဖြစ်လျှင် ၎င်းတို့၏ အမြဲတမ်းနေထိုင်သည့် နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်းတည်ရှိရာ နိုင်ငံ၌

နိုင်ငံကြီးပဗ္ဗလစ် က မှန်ကန်ကြောင်း ထောက်ခံထားသည့် ကိုယ်စားလှယ်ခန့်အပ်လွှာ လျှောက်လွှာပုံစံ ID-2 မိတ္တူမှန်ကို ပူးတွဲ တင်ပြရမည်။

မှတ်ချက်။ ကိုယ်စားလှယ်ခန့်အပ်လွှာ (ID- 2 Form) တွင် ဖြည့်စွက်ထားသည့် အချက်အလက်များအတိုင်း ဖြည့်စွက်ရမည်။

**ဖန်တီးသူ(များ)**

၄။ (က) လျှောက်ထားသူသည် ဖန်တီးသူ ဟုတ်/မဟုတ်ကို ID-1 Form ၏ နံပါတ်စဉ် (၃) အကွက်၌ အမှတ်အသား (✓) ပြုလုပ်၍ ဖြည့်စွက်ဖော်ပြရမည်။

(ခ) လျှောက်ထားသူသည် ဖန်တီးသူ မဟုတ်ပါက လျှောက်ထားသူအနေဖြင့် "စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခွင့်ရှိသူဖြစ်ကြောင်း ဖော်ပြချက်" ID-1a Form ကို ပူးတွဲ တင်ပြရမည်။

မှတ်ချက်။ စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခွင့်ရှိသူဖြစ်ကြောင်း ဖော်ပြချက် ID-1a Form တွင် ဖော်ပြထားသည့် အချက်များအားလုံး ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ပေးရမည်။ (*) ပြသထားသော အချက်များကို မဖြစ်မနေ ဖြည့်သွင်းပေးရမည်။

**စက်မှုဒီဇိုင်းအရေအတွက်**

၅။ မှတ်ပုံတင်လျှောက်ထားမည့် စုစုပေါင်း စက်မှုဒီဇိုင်းအရေအတွက်၊ ပုံအရေအတွက် နှင့် A4 စာရွက် အရေအတွက် တို့ကို ဖော်ပြပေးရမည်။ ပုံများကို A4 စာရွက်ဖြင့် ပူးတွဲဖော်ပြရမည် ဖြစ်ပြီး စာမျက်နှာ တစ်ဖက်တည်းတွင်သာ ပုံကို ဖော်ပြရမည်။

မှတ်ချက်။ လျှောက်ထားလိုသည့် ထုတ်ကုန်အားလုံးသည် အပြည်ပြည်ဆိုင်ရာ စက်မှုဒီဇိုင်း အမျိုးအစား ခွဲခြားခြင်းအရ အမျိုးအစား တစ်ခုတည်းတွင် ပါဝင်ရမည်ဖြစ်ပြီး စက်မှုဒီဇိုင်း အရေအတွက်သည် ၁၀၀ ထက် မကျော်စေရ။

**ဒီဇိုင်းပါဝင်သည့် ထုတ်ကုန်အမျိုးအစား၊ အမျိုးအစားခွဲနှင့် ထုတ်ကုန်(များ)၏ အညွှန်း (အမည်)**

၆။ မှတ်ပုံတင်လျှောက်ထားသည့် စက်မှုဒီဇိုင်း၏ ထုတ်ကုန်အမျိုးအစား၊ အမျိုးအစားခွဲ နှင့် ထုတ်ကုန်များ၏ အညွှန်းကို ဖော်ပြရာတွင် နောက်ဆုံးပြင်ဆင်ပြောင်းလဲထားသည့် အပြည်ပြည်ဆိုင်ရာ စက်မှုဒီဇိုင်းအမျိုးအစားခွဲခြားခြင်းစနစ် (Locarno Classification) ဖြင့် ခွဲခြား၍ ID-1 Form ၏

နံပါတ်စဉ် (၅) အကွက်တွင် လျှောက်ထားမည့် ထုတ်ကုန်အမျိုးအစား၊ အမျိုးအစားခွဲနှင့် ထုတ်ကုန်များ၏အညွှန်းကို အသေးစိတ် ဖော်ပြပေးရမည်။ Locarno Classification တွင် အမျိုးအစား နံပါတ် ၃၂ ခုရှိပြီး လျှောက်ထားသည့် ဒီဇိုင်းထုတ်ကုန်၏ အမျိုးအစားနံပါတ်ကို မှန်ကန်စွာ ဖြည့်စွက်ပေးရမည်ဖြစ်သည်။

၇။ လျှောက်ထားချက်တွင် စက်မှုဒီဇိုင်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ လျှောက်ထားနိုင်ပြီး စက်မှုဒီဇိုင်း တစ်ခုထက်ပို၍ ပါဝင်နေလျှင် ဒီဇိုင်းအရေအတွက်ပေါ် မူတည်၍ သတ်မှတ်ထားသည့် အခကြေးငွေများကို ပေးသွင်းရမည်။ စက်မှုဒီဇိုင်း၏ ထုတ်ကုန် အမျိုးအစား၊ အမျိုးအစားခွဲ နှင့် ထုတ်ကုန်များ၏ အညွှန်းကို ဖော်ပြရာ၌ Locarno Classification တွင် ဖော်ပြထားသည့်အတိုင်း အင်္ဂလိပ် စကားလုံးများဖြင့် ဖော်ပြပါက အဆိုပါ စက်မှုဒီဇိုင်း အမျိုးအစားများကို ရှာဖွေခြင်းနှင့် စစ်ဆေးခြင်းများကို လွယ်ကူအဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်–

ဥပမာ–

| စက်မှုဒီဇိုင်း အမှတ်စဉ် [Number of Industrial Design] | ပုံအရေအတွက် စုစုပေါင်း [Total number of reproductions] | စက်မှုဒီဇိုင်း ထုတ်ကုန် အမျိုးအစားနှင့်အမျိုးအစားခွဲ [Class and sub– Class of Industrial Design] | *ထုတ်ကုန်[များ]၏ အညွှန်း [အမည်] [Indication of the Product(s)] |
|---|---|---|---|
| 1 | 7 | 03–01 | Handbags |
| 2 | 7 | 03–01 | Purses |

မှတ်ချက်။ ID–1 Form ၏ နံပါတ်စဉ် (၅) အကွက်တွင် လျှောက်ထားသည့် စက်မှုဒီဇိုင်း စာရင်းများကို ဖော်ပြရန် မလုံလောက်ပါက အပိုစာရွက်ဖြင့် တင်ပြနိုင်ပါသည်။

**စက်မှုဒီဇိုင်းဖော်ပြချက်**

၈။ လျှောက်ထားသည့် စက်မှုဒီဇိုင်းဖော်ပြချက်များကို တင်ပြရာတွင် တစ်ဖက်ပါ သတ်မှတ်ချက်များနှင့်အညီ ဖော်ပြရမည်ဖြစ်ပြီး ID–1 Form ၏ နံပါတ်စဉ် (၆) အကွက်၏ "စက်မှုဒီဇိုင်းဖော်ပြချက်(များ)ကို အပိုစာရွက်ဖြင့် ဖော်ပြပါမည်။" ဟူသည့်နေရာတွင် အမှတ်အသား (✓) ပြုလုပ်၍ အပိုစာရွက်ဖြင့် ဖော်ပြရမည်။ အသုံးပြုသော အပိုစာရွက်အရေအတွက်ကို ဖော်ပြရမည်–

(က) ရေးဆွဲချက်ဖြင့်ဖြစ်စေ၊ ဓာတ်ပုံဖြင့်ဖြစ်စေ၊ ဂရပ်ဖစ်ဖြင့် ဖြစ်စေ ဖော်ပြရမည်။

(ခ) ရေးဆွဲချက် သို့မဟုတ် ဓာတ်ပုံ သို့မဟုတ် ဂရပ်ဖစ်ဖော်ပြချက် တို့ကို အဖြူ၊ အမည်းဖြင့် ဖြစ်စေ၊ အရောင်ဖြင့်ဖြစ်စေ ဖော်ပြရမည်။

(ဂ) အလင်းပိတ်၍ ထွင်းဖောက် မမြင်နိုင်သော A4 စက္ကူ အဖြူရောင် (ကတ်ထူစက္ကူ မဖြစ်စေရ) ကို အသုံးပြုရမည်ဖြစ်ပြီး A4 စက္ကူ၏ မျက်နှာပြင် တစ်ဖက်တည်းတွင်သာ ဖော်ပြရမည်။ ရေးဆွဲချက် သို့မဟုတ် ဓါတ်ပုံ၏ အရွယ်အစားသည် ၁၆ စင်တီမီတာ x ၁၆ စင်တီမီတာ ထက် မကျော်လွန်စေရ။ A4 စက္ကူ ၏ ဘယ်ဘက်အစွန်းတွင် ၃ စင်တီမီတာ ချန်လှပ်၍ ဖော်ပြရမည်။

(ဃ) အီလက်ထရောနစ်နည်းဖြင့် ဖော်ပြချက်တွင် ဒစ်ဂျစ်တယ်ဓာတ်ပုံ (.JPG) ဖိုင် အမျိုးအစားဖြင့် ဖော်ပြရမည်ဖြစ်ပြီး နှစ်မက်ဂါဘိုက် (two megabytes) ထက်မပိုသော အရွယ်အစား ဖော်ပြချက်ဖြစ်ရမည်။ ဓာတ်ပုံအရည်အသွေး (resolution) သည် တစ်လက်မ လျှင် ၃၀၀ x ၃၀၀ dots (300 x 300 per inch (dpi)) ရှိရမည်။

(င) စကားလုံးများ၊ စာသားများ သို့မဟုတ် ကိန်းဂဏန်းများသည် စက်မှုဒီဇိုင်း၏ အနှစ်သာရ နှင့် မသက်ဆိုင်ပါက ၎င်းတို့ကို ဖော်ပြချက်မှ ဖယ်ရှားပေးရမည်။ ၎င်းတို့သည် စက်မှု ဒီဇိုင်း၏ အဓိကအစိတ်အပိုင်းဖြစ်ပါက တစ်ဦးတည်း အသုံးပြုမှုနှင့် စပ်လျဉ်းသည့် အခွင့်အရေး နှင့် သက်ဆိုင်မှုမရှိကြောင်း ဖော်ပြရမည်။

(စ) စက်မှုဒီဇိုင်းတစ်ခုစီကို အမှတ်စဉ် တစ်ခုစီ တပ်ပေးရမည်။

(ဆ) အမှတ်စဉ်တပ်ရာတွင် ဖော်ပြချက်တိုင်း၏ ဘေးဘက်တွင်ဖော်ပြရမည်။

(ဇ) စက်မှုဒီဇိုင်းတစ်ခု၏ မတူညီသော မြင်ကွင်းများကို အမှတ်စဉ်တပ်လျှင် ဂဏန်း နှစ်လုံး ကို အလယ်မှ အစက်ချပြီး အမှတ်စဉ် တပ်ရမည်။

ဥပမာ – ၁.၁၊ ၁.၂၊ ၁.၃၊ ၁.၄၊ ၁.၅ စသည်ဖြင့် ဖော်ပြရမည်။

(ဈ) စက်မှုဒီဇိုင်း အများအပြား ပါဝင်သော လျှောက်ထားချက်တွင် စက်မှုဒီဇိုင်း တစ်ခုစီ တိုင်းကို မတူညီသော အမှတ်စဉ်များဖြင့် ဖော်ပြရမည်။

ဥပမာ – ၁.၁၊ ၂.၁၊ ၃.၁၊ ၄.၁ စသည်ဖြင့် ဖော်ပြရမည်။

(ည) စက်မှုဒီဇိုင်း၏ အစိတ်အပိုင်းအားလုံးကို ရှင်းလင်းပြတ်သားစွာ ခွဲခြားသိမြင်နိုင်ပြီး ထုတ်ပြန်ကြေညာရန် အသုံးပြုနိုင်သော အရည်အသွေး ပြည့်မီသည့် ဖော်ပြချက် ဖြစ်ရမည်။

(ဋ) အကာအကွယ်ရယူလိုသည့် စက်မှုဒီဇိုင်းမှလွဲ၍ အခြားမည်သည့်အရာမျှ ရောနှော ပါဝင်ခြင်း မရှိစေဘဲ ၎င်းတစ်ခုတည်းကိုသာ ဖော်ပြရမည်။ စက်မှုဒီဇိုင်း တင်ပြရာတွင် မနုလွန်း မရင့် လွန်းသောအရောင်ကို နောက်ခံထား၍ ဖော်ပြရမည်။ နောက်ခံသည် ဒီဇိုင်းပါဝင်သည့် ထုတ်ကုန် အသွင်သဏ္ဍာန်ကို ရှင်းလင်းပြတ်သားစွာ မြင်တွေ့နိုင်မည့် အရောင်ဖြစ်ရမည်။

(ဌ) စက်မှုဒီဇိုင်း အကာအကွယ်မရယူလိုသော အစိတ်အပိုင်းများကို မျဉ်းတိုမျဉ်းပြတ်များ ဖြင့် ဖြစ်စေ၊ အစက်ချမျဉ်းများဖြင့်ဖြစ်စေ ဖော်ပြရမည်။ ကြီးမားသောထုတ်ကုန်၏ အစိတ် အပိုင်းတစ်ခုကိုသာ အကာအကွယ် ရယူလိုပါက အကာအကွယ်မရယူလိုသော အစိတ်အပိုင်းကို ပုံရိပ် သို့မဟုတ် ခပ်မှိန်မှိန်ဖြင့်သာ ဒီဇိုင်းကို ခွဲခြားနိုင်ရန် ဖော်ပြရမည်။

(ဍ) နှစ်ဖက်မြင်ထုတ်ကုန်များအတွက် အနည်းဆုံးမြင်ကွင်း တစ်ပုံကို တင်ပြရမည်။ သုံးဖက်မြင် ထုတ်ကုန်များအတွက် စက်မှုဒီဇိုင်း၏ သွင်ပြင်လက္ခဏာများကို ရှုထောင့်ပေါင်းစုံမှ ထုတ်ဖော်ပြသထားသော စက်မှုဒီဇိုင်း၏ ရှေ့၊ နောက်၊ ဝဲ၊ ယာ၊ အပေါ် နှင့် အောက်တို့၏ မြင်ကွင်းများအပြင် စက်မှုဒီဇိုင်းတစ်ခုလုံးအား ခြုံငုံမြင်နိုင် သော မြင်ကွင်း (perspective view) ကိုလည်း တင်ပြရမည်။

(ဎ) စက်မှုဒီဇိုင်း၏ အပြင်ပန်းသွင်ပြင် လက္ခဏာများကို ဖော်ပြရာ၌ မတူညီသည့် ရှုထောင့် ဖြစ်သော်လည်း ထပ်တူညီသည့် သွင်ပြင်လက္ခဏာဖြစ်ပါက ထပ်မံ ဖော်ပြရန် မလို အပ်ပါ။ အဆိုပါကိစ္စရပ်များအတွက် လျှောက်ထားချက်တွင် ရှင်းလင်း ပြည့်စုံသော ရေးသားချက် ပါဝင်ရမည်။

ဥပမာ – စက်မှုဒီဇိုင်း၏ လက်ဝဲဘက်ခြမ်းသည် လက်ယာဘက်ခြမ်းနှင့် တစ်ထပ်တည်း တူညီကြသည် စသည်ဖြင့် ရေးသားချက်များ ဖော်ပြရမည်။

(ဏ) ထပ်တလဲလဲဖြစ်သည့် မျက်နှာပြင်ပုံစံများပါဝင်သော စက်မှုဒီဇိုင်းဖော်ပြချက်တစ်ခု၏ ဖော်ပြချက်တစ်ခုစီတိုင်းတွင် ပြီးပြည့်စုံသော မျက်နှာပြင်ပုံစံတစ်ခုဖြင့် ဖော်ပြရမည် ဖြစ်ပြီး အဆိုပါ ထပ်တလဲလဲ ပါဝင်သည့်အပိုင်းကို လုံလောက်စွာ ဖော်ပြရမည်။

(တ) လျှောက်ထားသူသည် စက်မှုဒီဇိုင်းတွင် သက်ရှိထင်ရှား ပုဂ္ဂိုလ်များ၏အမည် သို့မဟုတ် ရုပ်ပုံများကို အသုံးပြုထားပါက အဆိုပါပုဂ္ဂိုလ်၏ သဘောတူညီချက်ကို မှတ်ပုံတင် အရာရှိ ထံ တင်ပြရမည်။ ကွယ်လွန်ပြီးသော ပုဂ္ဂိုလ်၏အမည် သို့မဟုတ် ရုပ်ပုံများကို အသုံးပြုထားပါက ၎င်း၏တရားဝင် ကိုယ်စားလှယ် သို့မဟုတ် အမွေဆက်ခံသူ၏ သဘောတူညီချက်ကို မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

## သရုပ်ဖော်ရေးသားချက်

၉။ လျှောက်ထားသည့် စက်မှုဒီဇိုင်းအတွက် သရုပ်ဖော်ရေးသားချက်ကို စာလုံးရေ ၁၀၀ ထက် မပိုဘဲ ရေးသား ဖော်ပြရမည်။ နေရာမလုံလောက်ပါက အပိုစာရွက် အသုံးပြု၍ တင်ပြနိုင်ပါသည်။ တင်ပြမည့် အပိုစာရွက် အရေအတွက်ကို ဖော်ပြပေးရမည်ဖြစ်သည်။

ဥပမာ။ Handbags အတွက် ရှေ့၊ နောက်၊ ဝဲ၊ ယာ၊ အပေါ်၊ အောက် ၊ ခြုံငုံမြင်နိုင်သော မြင်ကွင်း၊ စုစုပေါင်း (၇) ပုံကို နောက်ဆက်တွဲဖြင့် တင်ပြထားပါသည်။ Purses အတွက် ရှေ့၊ နောက်၊ ဝဲ၊ ယာ၊ အပေါ်၊ အောက် ၊ ခြုံငုံမြင်နိုင်သော မြင်ကွင်း၊ စုစုပေါင်း (၇) ပုံကို နောက်ဆက်တွဲဖြင့် တင်ပြထားပါသည်။

မှတ်ချက်။ သရုပ်ဖော်ရေးသားရာတွင် စက်မှုဒီဇိုင်း၏ အသစ်ဖြစ်မှုနှင့် စပ်လျဉ်းသည့် ဖော်ပြချက်များ သို့မဟုတ် စက်မှုဒီဇိုင်း၏ နည်းပညာဆိုင်ရာ လုပ်ဆောင်ချက် သို့မဟုတ် ၎င်း၏ အသုံးဝင်မှုနှင့် စပ်လျဉ်းသော ရေးသားချက်များ မပါဝင်ရ။

## ဦးစားပေးအခွင့်အရေးတောင်းဆိုချက်

၁၀။ (က) ပါရီကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံ တစ်ခုခုတွင် စက်မှုဒီဇိုင်း မှတ်ပုံတင်စတင်လျှောက်ထားခဲ့သည့်နေ့မှ (၆)လအတွင်း တူညီသော စက်မှုဒီဇိုင်းကို ဦးစားပေးအခွင့်အရေး တောင်းဆိုနိုင်သည်။ ယင်းသို့ တောင်းဆိုလိုလျှင် ID–1 Form ၏ နံပါတ်စဉ် (၈) အကွက်ပါ သက်ဆိုင်ရာ အချက်အလက်များကို အမှတ်အသားပြု၍ ပြည့်စုံစွာဖြည့်စွက်ဖော်ပြရမည်ဖြစ်သည်။

ဥပမာ(၁)– ဦးစားပေးအခွင့်အရေးတောင်းဆိုရာတွင် လျှောက်လွှာ၌ ဖော်ပြထားသည့် စက်မှုဒီဇိုင်းနှင့် ဦးစွာလျှောက်ထားခဲ့သော စက်မှုဒီဇိုင်း ထပ်တူညီလျှင် အောက်ဖော်ပြပါအတိုင်း ဖြည့်စွက်ရမည် ဖြစ်သည် –

| စက်မှုဒီဇိုင်း အမှတ်စဉ် [Number of Industrial Design] | ယခင်လျှောက်ထား သည့် နိုင်ငံအမည်နှင့်ရုံး [Country & Office of earlier filing] | ယခင်လျှောက် ထားသည့် လျှောက်ထား ချက် နံပါတ် [Priority Number of earlier filing] | ယခင်လျှောက် ထား သည့် နေ့ရက် [Priority Date of earlier filing] |
|---|---|---|---|
| ၁ | အင်ဒိုနီးရှားနိုင်ငံ၊ အင်ဒိုနီးရှားမူပိုင်ခွင့်ရုံး | IDN/12345/23 | ၂–၄–၂၀၂၃ |
| ၂ | ကမ္ဘောဒီးယားနိုင်ငံ၊ ကမ္ဘောဒီးယားမူပိုင်ခွင့်ရုံး | KBD/12345/23 | ၆–၅–၂၀၂၃ |

ဥပမာ(၂) – ဦးစားပေးအခွင့်အရေးတောင်းဆိုရာတွင် ဤလျှောက်လွှာ၌ ဖော်ပြထားသည့် စက်မှုဒီဇိုင်းများသည် ယခင် လျှောက်ထားခဲ့သော စက်မှုဒီဇိုင်း အချို့နှင့်သာ ထပ်တူညီလျှင် ဤလျှောက်ထားချက်၏ နံပါတ်စဉ် (၈) အကွက်၌ ယခင်လျှောက်ထားချက်နှင့် ထပ်တူညီသော စက်မှုဒီဇိုင်း အချို့ကိုသာ ဦးစားပေးအခွင့်အရေးအဖြစ် တောင်းဆိုနိုင်ပြီး ဇယားတွင် ဖော်ပြရမည်ဖြစ်သည်–

| စက်မှုဒီဇိုင်း အမှတ်စဉ် [Number of Industrial Design] | ယခင်လျှောက်ထားသည့် နိုင်ငံအမည်နှင့်ရုံး [Country & Office of earlier filing] | ယခင်လျှောက်ထားသည့် လျှောက်ထားချက်နံပါတ် [Priority Number of earlier filing] | ယခင်လျှောက်ထား သည့် နေ့ရက် [Priority Date of earlier filing] |
|---|---|---|---|
| ၂ | ကမ္ဘောဒီးယားနိုင်ငံ၊ ကမ္ဘောဒီးယားမူပိုင်ခွင့်ရုံး | KBD/12345/23 | ၆–၅–၂၀၂၃ |
| | | | |

(ခ) ဦးစားပေးအခွင့်အရေး တောင်းဆိုသော လျှောက်ထားချက် အထောက်အထားမိတ္တူမှန်အား ပူးတွဲတင်ပြရမည်။ အဆိုပါ မိတ္တူမှန်သည် အခြားဘာသာဖြင့် ရေးသားထားလျှင် အင်္ဂလိပ်ဘာသာ သို့မဟုတ် မြန်မာဘာသာသို့ ဘာသာပြန်ဆိုချက်ကို တင်ပြရမည်။ လျှောက်ထားချက်နှင့်အတူ ပူးတွဲတင်ပြနိုင်ပါက နံပါတ်စဉ် (၈) အကွက်၏ "ပူးတွဲတင်ပြပါသည်။" တွင် အမှတ်အသား (✓) ပြုလုပ်ပေးရမည်ဖြစ်ပြီး လျှောက်ထားချက်နှင့်အတူ ပူးတွဲတင်ပြနိုင်ခြင်းမရှိပါက ID–1 Form ၏ နံပါတ်စဉ် (၈) အကွက်၏ "လျှောက်ထားသည့်နေ့မှ (၃) လ အတွင်း ပေးပို့ပါမည်။" တွင် အမှတ်အသား (✓) ပြုလုပ်၍ လျှောက်ထားသည့်နေ့မှ (၃) လ အတွင်း ပေးပို့ တင်ပြရမည်ဖြစ်သည်။

မှတ်ချက် ။ ဦးစားပေးအခွင့်အရေး လျှောက်ထားသူသည် ယခင်လျှောက်ထားချက်တွင် ပါရှိသည့် လျှောက်ထားသူ မဟုတ်လျှင် ယခင် လျှောက်ထားသူက ဦးစားပေးအခွင့်အရေးကို

လွှဲပြောင်းထားသည့် စာရွက်စာတမ်း အထောက်အထားများကို လျှောက်ထားချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ ပူးတွဲတင်ပြရမည်။

## ကုန်စည်ပြပွဲဆိုင်ရာဦးစားပေးအခွင့်အရေးတောင်းဆိုချက်

၁၁။ (က) ယခု စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်း မပြုမီ (၆) လ အတွင်း ပါရီကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံ တစ်ခုခုတွင် သက်ဆိုင်ရာနိုင်ငံအစိုးရက ကြီးမှူးကျင်းပသော သို့မဟုတ် အသိအမှတ်ပြုသော အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲ၌ ခင်းကျင်းပြသခဲ့သည့် စက်မှုဒီဇိုင်းနှင့် တူညီသော စက်မှုဒီဇိုင်းကို ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး တောင်းဆိုနိုင်သည်။ ယင်းသို့ တောင်းဆိုလိုလျှင် ID–1 Form ၏ နံပါတ်စဉ် (၉) အကွက်ပါ သက်ဆိုင်ရာ အချက်အလက်များကို အမှတ်အသားပြု၍ ပြည့်စုံစွာ ဖြည့်စွက်ရမည်။

ဥပမာ(၁)– ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးတောင်းဆိုရာတွင် လျှောက်လွှာ၌ ဖော်ပြထားသည့် စက်မှုဒီဇိုင်းများနှင့် အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ၌ ခင်းကျင်းပြသခဲ့သည့် စက်မှုဒီဇိုင်းများ ထပ်တူညီလျှင် အောက်ဖော်ပြပါ အတိုင်း ဖြည့်စွက်ရမည်ဖြစ်သည်–

| စက်မှုဒီဇိုင်း အမှတ်စဉ် [Number of Industrial Design] | ခင်းကျင်းပြသသည့် ကုန်စည်ပြပွဲအမည် (Name of exhibition) | ကုန်စည်ပြပွဲကျင်းပသည့် နေရာ(နိုင်ငံအမည်) (Place where exhibition was held) (Country) | စတင်ခင်းကျင်းပြသသည့် နေ့ရက် (Date of First Exhibited) (dd/mm/yyyy) |
|---|---|---|---|
| ၁ | Singapore Biennale 2023 exhibition | The Lion City (Singapore) (Singapore) | ၁–၉–၂၀၂၃ |
| ၂ | Singapore Biennale 2023 exhibition | The Lion City (Singapore) (Singapore) | ၁–၉–၂၀၂၃ |

ဥပမာ(၂)- ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးတောင်းဆိုရာတွင် ဤလျှောက်လွှာ၌ ဖော်ပြထားသည့် စက်မှုဒီဇိုင်းများနှင့် ဦးစွာလျှောက်ထားခဲ့သော သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ၌ ခင်းကျင်းပြသခဲ့သည့် စက်မှုဒီဇိုင်း အချို့သာ ထပ်တူညီလျှင် ဤလျှောက်ထားချက်တွင် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေး အခွင့်အရေးနှင့် အကျုံးဝင်သည့် စက်မှုဒီဇိုင်း အချို့ကိုသာ အောက်ဖော်ပြပါ အတိုင်း ဖြည့်စွက်ရမည်ဖြစ်သည်-

| စက်မှုဒီဇိုင်း အမှတ်စဉ် [Number of Industrial Design] | ခင်းကျင်းပြသသည့် ကုန်စည်ပြပွဲအမည် (Name of exhibition) | ကုန်စည်ပြပွဲကျင်းပသည့် နေရာ(နိုင်ငံအမည်) (Place where exhibition was held) (Country) | စတင်ခင်းကျင်းပြသသည့် နေ့ရက် (Date of First Exhibited) (dd/mm/yyyy) |
|---|---|---|---|
| ၁ | Singapore Biennale 2023 exhibition | The Lion City (Singapore) (Singapore) | ၁-၉-၂၀၂၃ |
| | | | |

(ခ) ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး တောင်းဆိုရာတွင် ကုန်စည်ပြပွဲတွင် အမှန်တကယ် ထုတ်ဖော်ပြသခဲ့ကြောင်း ကုန်စည်ပြပွဲဆိုင်ရာ အာဏာပိုင်များမှ ထုတ်ပေးသော အသိအမှတ်ပြု အထောက်အထားအား ပူးတွဲ တင်ပြရမည်။ ယင်း အထောက်အထားသည် လျှောက်ထားချက်ပါ ထုတ်ကုန်အမျိုးအစားနှင့် ထုတ်ကုန် အညွှန်းတို့အတွက် အသုံးပြုသည့် စက်မှုဒီဇိုင်းဖြစ်ကြောင်း ခိုင်လုံသည့် အထောက်အထားဖြစ်ရမည်။ အဆိုပါ အထောက်အထားသည် အခြားဘာသာဖြင့် ရေးသားထားလျှင် အင်္ဂလိပ်ဘာသာ သို့မဟုတ် မြန်မာဘာသာ သို့ ဘာသာပြန်ဆိုချက်ကို တင်ပြရမည်။ လျှောက်ထားချက်နှင့်အတူ ပူးတွဲတင်ပြနိုင်ပါက ID-1 Form ၏ နံပါတ်စဉ် (၉) အကွက်၏ “ပူးတွဲ တင်ပြပါသည်” တွင် အမှတ်အသား (✓) ပြုလုပ်ပေးရမည်ဖြစ်ပြီး

လျှောက်ထားချက် နှင့်အတူ ပူးတွဲတင်ပြနိုင်ခြင်းမရှိပါက ID–1 Form ၏ နံပါတ်စဉ် (၉) အကွက်၏ "လျှောက်ထားသည့်နေ့မှ (၃) လအတွင်း ပေးပို့ပါမည်" တွင် အမှတ်အသား (✓) ပြုလုပ်၍ လျှောက်ထားသည့်နေ့မှ (၃) လအတွင်း ပေးပို့ တင်ပြရမည်ဖြစ်သည်။

**ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းခြင်း**

၁၂။ လျှောက်ထားသူသည် ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းလိုပါက ရွှေ့ဆိုင်းလိုသည့် ကာလသည် လျှောက်ထားချက်တင်သွင်းသည့်နေ့ သို့မဟုတ် ဦးစားပေးအခွင့်အရေး သို့မဟုတ် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး တောင်းဆိုသည့်နေ့မှ ၁၈ လ ထက် မပိုသောကာလကို တောင်းဆိုနိုင်ပါသည်။ ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းလိုပါက ID–1 Form ၏ နံပါတ်စဉ် (၁၀) အကွက်၏ "စက်မှုဒီဇိုင်း ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းလိုကြောင်း တောင်းဆိုလိုလျှင်" ၏ Yes အကွက်တွင် အမှတ်အသား (✓) ပြုလုပ်ပေးရမည်ဖြစ်ပြီး ရွှေ့ဆိုင်းလိုသည့် စက်မှုဒီဇိုင်းအမှတ်စဉ်နှင့် ရွှေ့ဆိုင်းလိုသည့်ကာလတို့ကို ဖော်ပြပါ ဇယားတွင် ဖြည့်စွက် ဖော်ပြရမည်ဖြစ်သည်။ ရွှေ့ဆိုင်းလိုကြောင်း ဖော်ပြမည့် စက်မှုဒီဇိုင်းအတွက် နေရာပိုမို လိုအပ်ပါက ID–1 Form ၏ နံပါတ်စဉ် (၁၀) အကွက်၏ "နေရာပိုမိုလိုအပ်ပါက အကွက်ထဲတွင် အမှတ်အသားပြုပြီး အပိုစာရွက် အသုံးပြုပါ" အကွက်တွင် အမှတ်အသား (✓) ပြုလုပ်ပေးရမည်ဖြစ်သည်–

ဥပမာ–

| **ရွှေ့ဆိုင်းလိုသည့် စက်မှုဒီဇိုင်းအမှတ်စဉ်** [Deferment of Industrial Design Number] | **ရွှေ့ဆိုင်းလိုသည့် ကာလ** [Deferment Period] |
|---|---|
| ၁ | ၂၉–၉–၂၀၂၃ မှ ၂၈–၁၂–၂၀၂၃ ထိ (၃ လ) |
| | |

**ငွေပေးသွင်းခြင်း**

၁၃။ (က) ID–1 Form ၏ နံပါတ်စဉ် (၁၁) အကွက်တွင် စက်မှုဒီဇိုင်း မှတ်ပုံတင်လျှောက်ထားခြင်းအတွက် ကျသင့်သည့် အခကြေးငွေကို ပေးသွင်းရမည်။ လျှောက်ထားချက် တစ်စောင်တည်းတွင် စက်မှုဒီဇိုင်း တစ်ခုထက်ပို၍ ပါဝင်နေလျှင် ဒီဇိုင်းအရေအတွက်ပေါ်မူတည်၍ သတ်မှတ်ထားသည့် အခကြေးငွေများကို ပေးသွင်းရမည်ဖြစ်သည်။

ပေးသွင်းထားသည့် အခကြေးငွေ ပမာဏကို ဖော်ပြ၍ ပေးသွင်းထားပြီးဖြစ်သော ငွေသွင်းပြေစာအား ပူးတွဲ တင်ပြရမည်။

ဥပမာ –

စက်မှုဒီဇိုင်း လျှောက်ထားခြင်းအတွက်–

လျှောက်ထားချက်တစ်စောင်တွင် စက်မှုဒီဇိုင်းအရေအတွက် (၁)ခု လျှောက်ထားခြင်းအတွက် ကျပ် ၁၂၀,၀၀၀ နှုန်း ပေးသွင်းရမည်။

လျှောက်ထားချက်တစ်စောင်တွင် စက်မှုဒီဇိုင်းအရေအတွက် (၂) ခု လျှောက်ထားခြင်းအတွက် (၂ ခု × ၁၂၀,၀၀၀ ကျပ်) ကျပ် ၂၄၀,၀၀၀ ပေးသွင်းရမည်။

လျှောက်ထားချက်တွင် ထုတ်ပြန်ကြေညာပေးရန် ရွှေ့ဆိုင်းလိုကြောင်း တောင်းဆိုခြင်းအတွက်–

စက်မှုဒီဇိုင်း (၁)ခု တောင်းဆိုခြင်းအတွက် ၃၅,၀၀၀ ကျပ် ပေးသွင်းရမည်။

စက်မှုဒီဇိုင်း (၂)ခု တောင်းဆိုခြင်းအတွက် ၇၀,၀၀၀ ကျပ် ပေးသွင်းရမည်။

မှတ်ချက်။ လျှောက်ထားသည့် စက်မှုဒီဇိုင်း အရေအတွက်အပေါ် မူတည်၍ ကျသင့်ငွေ ပေးသွင်းရမည့်အပြင် လျှောက်ထားချက်တွင် ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းလိုကြောင်း တောင်းဆိုပါက အဆိုပါ ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုခြင်း အရေအတွက် အပေါ် မူတည်၍ ကျသင့်ငွေကို ထပ်ပေါင်း ဖြည့်သွင်းရမည်ဖြစ်သည်။

| | | |
|---|---|---|
| ဥပမာ– ထုတ်ကုန်အညွှန်း Handbags နှင့် Purses (၂)ခု အတွက် (၂ x ၁၂၀,၀၀၀ ကျပ်) ကျသင့်ငွေ | = ၂၄၀,၀၀၀ | ကျပ် |
| Handbags စက်မှုဒီဇိုင်း(၁)ခုအတွက်သာ ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းလိုကြောင်း တောင်းဆိုခြင်းအတွက် ကျသင့်ငွေ | = ၃၅,၀၀၀ | ကျပ် |
| **စုစုပေါင်းပေးသွင်းရမည့် အခကြေးငွေ** | **= ၂၇၅,၀၀၀** | **ကျပ်** |

## လျှောက်ထားသူ (သို့မဟုတ်) ကိုယ်စားလှယ်၏ ထိုးမြဲလက်မှတ်

၁၄။ ID-1 Form ၏ နံပါတ်စဉ် (၁၂) အကွက်၌ အထက်ဖော်ပြပါအချက်များ မှန်ကန်ကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။ လက်မှတ်ရေးထိုးရာတွင် လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်မှ ရေးထိုးနိုင်ပြီး လက်မှတ်ရေးထိုးသူ၏ အမည် အပြည့်အစုံနှင့် လက်မှတ်ရေးထိုးသည့် ရက်၊ လ၊ နှစ် တို့ကို ပြည့်စုံစွာ ဖြည့်စွက်ပေးရမည်။ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း အနေဖြင့် လျှောက်ထားခြင်းဖြစ်လျှင် လက်မှတ်ရေးထိုးသူ၏ အမည်၊ လက်မှတ်ရေးထိုးသူ၏ ရာထူး နှင့် အဖွဲ့အစည်းအမည်တို့ကိုပါ ဖော်ပြရမည်ဖြစ်ပြီး အဆိုပါလက်မှတ် ရေးထိုးသူအား ယင်းအဖွဲ့ အစည်းကိုယ်စား လက်မှတ် ရေးထိုးခွင့်ပြုကြောင်း အထောက်အထား ပူးတွဲတင်ပြရမည်။ လျှောက်ထားသူ တစ်ဦးထက်ပိုသော လျှောက်ထားချက်ဖြစ်လျှင် လျှောက်ထားသူ အားလုံး၏ ကိုယ်စား တစ်ဦးတည်းကသာ လက်မှတ်ရေးထိုးရန်နှင့် ၎င်းတို့အကြား သဘောတူထားသည့် အထောက်အထားမိတ္တူကို ပူးတွဲတင်ပြရမည်။

ဥပမာ(၁)- လျှောက်ထားသူသည် လူပုဂ္ဂိုလ်ဖြစ်လျှင်

(က) လက်မှတ်ရေးထိုးသူ၏ အမည်ကို ဖော်ပြရမည်။

ဥပမာ - လက်မှတ် *Myint Oo* OR *Soe Thu*

အမည် ဦးမြင့်ဦး သို့မဟုတ် ဦးစိုးသူ

ဥပမာ(၂)- လျှောက်ထားသူသည် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်လျှင်

(ခ) အဖွဲ့အစည်းအမည်နှင့် လက်မှတ်ရေးထိုးသူ၏ ရာထူးကိုဖော်ပြရမည်။

ဥပမာ - လက်မှတ် *Soe Maung*

အမည် ဦးစိုးမောင်

ရာထူး Chairman

အမည် အေအေအေ ကုမ္ပဏီလိမိတက်

## စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားချက် (ID–1) တွင် ပါဝင်မည့် ပူးတွဲတင်ပြရမည့် အချက်အလက်များ

| စဉ် | ပူးတွဲတင်ပြရမည့် အချက်အလက်များ |
|---|---|
| ၁။ | လျှောက်ထားသူတစ်ဦးထက်ပိုပါက အခြားသောလျှောက်ထားသူများ၏ အချက်အလက်များအား ပူးတွဲတင်ပြရမည်။ |
| ၂။ | ကိုယ်စားလှယ်ဖြင့် လျှောက်ထားခြင်းဖြစ်ပါက ကိုယ်စားလှယ်ခန့်အပ်လွှာ ID – 2 နှင့်အတူ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်သင်တန်း အောင်လက်မှတ်မိတ္တူကိုပါ ပူးတွဲတင်ပြရမည်။ |
| ၃။ | လျှောက်ထားသူသည် ဖန်တီးသူ မဟုတ်ပါက “စက်မှုဒီဇိုင်း မှတ်ပုံတင်လျှောက်ထားခွင့်ရှိသူဖြစ်ကြောင်းဖော်ပြချက်” ID – 1a လျှောက်လွှာပုံစံအား ပူးတွဲ တင်ပြရမည်။ |
| ၄။ | စက်မှုဒီဇိုင်းဖော်ပြချက်ကို A4 စာရွက်ဖြင့် ပူးတွဲတင်ပြရမည်။ |
| ၅။ | ဦးစားပေးအခွင့်အရေးတောင်းဆိုလျှောက်ထားပါက ယခင်လျှောက်ထားချက် မိတ္တူမှန် ကိုတင်ပြရမည်။ အဆိုပါမိတ္တူမှန်ကို “ပူးတွဲတင်ပြမည်” ဟု ID – 1 တွင် အမှတ်အသားပြုခဲ့ပါက ID – 1 နှင့်အတူ ပူးတွဲတင်ပြရမည်။ “လျှောက်ထားသည့်နေ့မှ သုံးလအတွင်း ပေးပို့ပါမည်” ဟု အမှတ်အသားပြုခဲ့ပါက အဆိုပါမိတ္တူမှန်ကို လျှောက်ထားသည့်နေ့မှ ၃ လ အတွင်း တင်ပြရမည်။ |
| ၆။ | ဦးစားပေးအခွင့်အရေး တောင်းဆိုလျှောက်ထားချက်နှင့်စပ်လျဉ်း၍ လျှောက်ထားသူသည် ယခင်လျှောက်ထားချက်တွင် ပါရှိသည့် လျှောက်ထားသူမဟုတ်လျှင် ယခင်လျှောက်ထားသူက ဦးစားပေးအခွင့်အရေးကို လွှဲပြောင်းထားသည့် စာရွက်စာတမ်းအထောက်အထားများကို ပူးတွဲတင်ပြရမည်။ |
| ၇။ | ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး တောင်းဆိုလျှောက်ထားပါက စက်မှုဒီဇိုင်းကို ကုန်စည်ပြပွဲတွင် အမှန်တကယ် ထုတ်ဖော်ပြသခဲ့ကြောင်း ကုန်စည်ပြပွဲဆိုင်ရာအာဏာပိုင်များမှ ထုတ်ပေးသော အသိအမှတ်ပြုအထောက်အထားကို တင်ပြရမည်။ အဆိုပါ အထောက်အထားကို ID – 1 တွင် “ပူးတွဲတင်ပြမည်” ဟု အမှတ်အသားပြုခဲ့ပါက ID – 1 နှင့်အတူ ပူးတွဲတင်ပြရမည်။ “လျှောက်ထားသည့်နေ့မှ သုံးလအတွင်း ပေးပို့ပါမည်” ဟု အမှတ်အသားပြုခဲ့ပါက အဆိုပါအထောက်အထားကို လျှောက်ထားသည့်နေ့မှ ၃ လ အတွင်း တင်ပြရမည်။ |

| | |
|---|---|
| ၈။ | ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး တောင်းဆိုလျှောက်ထားရာတွင် ကုန်စည်ပြပွဲ စတင်ပြသသည့်နေ့ရက် နှင့် ယင်းကုန်စည်ပြပွဲတွင် စက်မှုဒီဇိုင်းကို ပထမဆုံးအများပြည်သူသို့ ခင်းကျင်းပြသသည့်နေ့ရက်သည် မတူညီလျှင် အဆိုပါနေ့ရက် အသီးသီးအတွက် အထောက်အထားများကို ပူးတွဲတင်ပြရမည်။ |
| ၉။ | ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး တောင်းဆိုလျှောက်ထားရာတွင် လျှောက်ထားသူသည် ကုန်စည်ပြပွဲတွင် စက်မှုဒီဇိုင်းကို ပထမဆုံးအများပြည်သူသို့ ခင်းကျင်း ပြသသူမဟုတ်လျှင် ယင်းကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို ကုန်စည်ပြပွဲတွင် စက်မှုဒီဇိုင်းကို ပထမဆုံး အများပြည်သူသို့ ခင်းကျင်းပြသသူက လွှဲပြောင်းထားသည့် စာရွက်စာတမ်း အထောက်အထားများကို ပူးတွဲတင်ပြရမည်။ |
| ၁၀။ | သတ်မှတ်ချက်နှင့်အညီ ပေးသွင်းပြီးဖြစ်သော ငွေသွင်းပြေစာအား ပူးတွဲတင်ပြရမည်။ |
| ၁၁။ | လျှောက်ထားသူ တစ်ဦးထက်ပိုသော လျှောက်ထားချက်ဖြစ်လျှင် လျှောက်ထားသူအားလုံး၏ ကိုယ်စားတစ်ဦးကသာ လက်မှတ်ရေးထိုးဆောင်ရွက်ရန် ၎င်းတို့အကြားသဘောတူထားသည့် အထောက်အထားမိတ္တူမှန်ကို ပူးတွဲတင်ပြရမည်။ |
| ၁၂။ | တရားဝင်ဖွဲ့စည်းထားသောအဖွဲ့အစည်းအနေဖြင့် လျှောက်ထားခြင်းဖြစ်ပါက အဖွဲ့အစည်း၏ ကိုယ်စား လက်မှတ်ရေးထိုးဆောင်ရွက်ရန် ၎င်းတို့အကြား သဘောတူထားသည့် အထောက်အထားမိတ္တူမှန်ကို ပူးတွဲ တင်ပြရမည်။ |
| ၁၃။ | လျှောက်ထားသူသည် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သူမဟုတ်လျှင် သို့မဟုတ် ပြည်ပနိုင်ငံတွင် နေထိုင်သူဖြစ်ပါက ၎င်းတို့၏အမြဲတမ်း နေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်း တည်ရှိရာနိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် ကိုယ်စားလှယ်ခန့်အပ်လွှာ (ID – 2) မိတ္တူမှန်ကို ပူးတွဲတင်ပြရမည်။ |
| ၁၄။ | လျှောက်ထားသူသည် စက်မှုဒီဇိုင်းတွင် သက်ရှိထင်ရှား ပုဂ္ဂိုလ်များ၏အမည် သို့မဟုတ် ရုပ်ပုံများကို အသုံးပြုထားပါက အဆိုပါပုဂ္ဂိုလ်၏ သဘောတူညီချက်ကို ပူးတွဲတင်ပြရမည်။ |
| ၁၅။ | လျှောက်ထားသူသည် စက်မှုဒီဇိုင်းတွင် ကွယ်လွန်ပြီးသော ပုဂ္ဂိုလ်၏အမည် သို့မဟုတ် ရုပ်ပုံများကို အသုံးပြုထားပါက ၎င်း၏တရားဝင် ကိုယ်စားလှယ် သို့မဟုတ် အမွေဆက်ခံသူ၏ သဘောတူညီချက်ကို ပူးတွဲတင်ပြရမည်။ |
| ၁၆။ | လျှောက်ထားသူသည် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်ပါက အဖွဲ့အစည်း မှတ်ပုံတင်လက်မှတ်မိတ္တူအား ပူးတွဲတင်ပြရမည်။ |

**လျှောက်လွှာတွင် ဖော်ပြထားသည့် အချက်အလက်များအားလုံးကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ပေးရမည်ဖြစ်သည်။ လျှောက်လွှာတွင် (*) ဖြင့် ဖော်ပြထားသော အချက်အလက်များသည် မဖြစ်မနေ ဖြည့်စွက်ရမည့် အချက်များဖြစ်ပါသည်။ (*) အား နံပါတ်စဉ်၌ ဖော်ပြထားလျှင် အမှတ်စဉ် တစ်ခုလုံးတွင် ပါဝင်သည့်အချက်များကို မဖြစ်မနေ ဖြည့်စွက်ပေးရမည်ဖြစ်သည်။**

**စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်လွှာကို မူပိုင်ခွင့်ဦးစီးဌာန၊ ဝက်ဘ်ဆိုဒ်မှတဆင့် ရယူ၍ ဖြည့်စွက်တင်ပြရပါမည်။လျှောက်လွှာပုံစံကို အောက်ဖော်ပြပါလင့်ခ်တွင် ကြည့်ရှုနိုင်ပါသည်။ (https://www.ipd.gov.mm/industrial-design/forms)**

ဆက်သွယ်ရန် လိပ်စာ-

**နေပြည်တော်ရုံးချုပ်**

ရုံးအမှတ်(၅၂)၊ မူပိုင်ခွင့်ဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

၀၆၇၃-၄၃၀၅၉၄

**အောက်မြန်မာပြည်ရုံးခွဲ(ရန်ကုန်)**

အမှတ်၂၂၈/၂၄၀၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။

၀၁-၈၃၈၀၂၆၅

**အထက်မြန်မာပြည်ရုံးခွဲ(မန္တလေး)**

၃၅ လမ်း၊ ၆၃ x ၆၄ လမ်းကြား၊ ပို့ကုန်သွင်းကုန်ရုံး၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။

၀၉၈၉၀၆၁၅၁၅၂